**အာဆီယံဒေသတွင်း၌ သွင်းကုန်လိုင်စင်ထုတ်ပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များ (Guidelines for the implementation of Import Licensing Procedures in ASEAN)**

အလွတ်သဘော ဘာသာပြန်ဆိုချက်

(က) **နိဒါန်း(Preamble)**

အာဆီယံ ပဋိညာဉ်၏လမ်းညွှန်ချက်နှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်များသည် အာဆီယံကုန်စည် ကုန်သွယ်မှု သဘောတူညီချက် (ASEN Trade in Goods Agreement – ATIGA) နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သွင်းကုန်လိုင်စင်သဘောတူညီချက် (WTO Import Licensing Procedures Agreement – ILA) တို့နှင့်အညီ သွင်းကုန်လိုင်စင်ထုတ်ပေးမှုတွင် အဟန့်အတားများ နည်းနိုင်သမျှနည်းစေရန်အတွက် ယခုလမ်းညွှန်ချက်များကို အကိုးအကားပြု၍ ကြိုးပမ်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

အဆိုပါ လမ်းညွှန်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံတိုင်းအတွက် အမျိုးသားအဆင့်ကြွယ်ဝချမ်းသာမှုကို မြင့်တင်နိုင်ခြင်းကိုဖြစ်ပေါ်စေခြင်း၊ အဓိကအားဖြင့် ထင်သာမြင်သာရှိမှုနှင့် ဘက်မလိုက်ဆက်ဆံခြင်းစသော အဓိကစည်းမျဉ်းများ ဖြစ်ပေါ်စေနိုင်ခြင်း၊ စီဘူးတွင်ကျင်းပပြုလုပ်ခဲ့သော (၁၂) ကြိမ်မြောက်ညီလာခံအတွင်း အာဆီယံပဋိညာဉ်၏ ထူးချွန်ထင်ရှားသူများအဖွဲ့က အဖွဲ့ဝင်နိုင်များအတွက်တောင်းဆိုခဲ့သော ‘မိရိုးဖလာထုံးတမ်းစဉ်လာ မူဝါဒဝင်ရောက်စွက်ဖက်မှုမပါသည့် ဘုံစိတ်ပါဝင်စားမှုရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်သော မူဝါဒဆိုင်ရာကိစ္စများကို ပြန်လည်ဆန်းစစ်စေလိုခြင်း’ စသော အချက်များကို ထည့်သွင်းစဉ်းစားပြီး အဖွဲ့ဝင်နိုင်ငံများသည် သက်ဆိုင်သည့် မူဝါဒများကို အပြန်အလှန်ပေါင်းစပ် ဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများကို အပြန်အလှန် လေ့လာနိုင်ရန်နှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် အဟန့်အတားမရှိသည့် ကုန်စည်စီးဆင်းမှုများဆီသို့ ဦးတည်သွားနိုင်ရေး တွန်းအားပေးဆောင်ရွက်နိုင်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ထံမှ အတွေ့အကြုံများကို လေ့လာနိုင်ရန် နီးကပ်စွာ ပြန်လည်သုံးသပ်သည့် ယန္တရား “Peer Review Mechanism” တစ်ခုကို တည်ထောင်၍ ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

(ခ) **အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အတိုကောက်စကားလုံးများ** (Definitions and Acronyms)

သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ILA တွင် အဓိပ္ပါယ်သတ်မှတ်ထားသကဲ့သို့ ကုန်ပစ္စည်းတင်သွင်းမှုလုပ်ငန်းစဉ်ကို မပြုလုပ်မီ သက်ဆိုင်သည့် အုပ်ချုပ်မှုဌာနသို့ချဉ်းကပ်ပြီး လိုအပ်သောလျှောက်ထားမှု (သို့မဟုတ်) အခြားစာရွက်စာတမ်းများ (အကောက်ခွန်အတွက် လိုအပ်သော စာရွက်စာတမ်းများ မဟုတ်သည့် စာရွက်စာတမ်းများ) ကိုတင်ပြခြင်းကို ဆောင်ရွက်သည့် အုပ်ချုပ်မှုလုပ်ငန်းစဉ်အဖြစ် အဓိပ္ပါယ်သတ်မှတ်ပါသည်။

အလိုအလျောက်သွင်းကုန်လိုင်စင်စနစ် (Automatic Import Licensing) ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ILA Article 2.1 တွင် သတ်မှတ်ထားသည့်အတိုင်း ကန့်သတ်တားမြစ်ချက်များမပြုလုပ်ဘဲ လျှောက်ထားလာမှုအားလုံးကို ခွင့်ပြုပေးသော သွင်းကုန်လိုင်စင်ထုတ်ပေးသည့်စနစ်အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ယင်းမှာ WTO ILA ၏ Article 2.2 (a) တွင်ဖော်ပြထားသည့် လိုအပ်ချက်များအရ အလိုအလျောက်လိုင်စင်စနစ်ဖြင့် တင်သွင်းလာသောသွင်းကုန်များအပေါ် ကန့်သတ်မှုကို မဖြစ်ပေါ်စေရပါ ။

အလိုအလျောက်မဟုတ်သော သွင်းကုန်လိုင်စင်စနစ် (Non-automatic Import Licensing) ကို WTO ILA ၏ Article 2 Paragraph 1 တွင် ဖော်ပြထားသော အဓိပ္ပါယ်အတွင်း အကျုံးသက်ရောက်မှုမရှိသည့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းဟု အဓိပ္ပါယ်ဖြင့်ဆိုထားပါသည် ။ (ဆိုလိုသည်မှာ လျှောက်ထားလာမှုအာလုံးကို ခွင့်ပြုခြင်းမဟုတ်ဘဲ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သတ်မှတ်ဘောင်အတွင်းမှ သတ်မှတ်ထုတ်ပေးသည့်စနစ်ဖြစ်ပါသည်။

ကိုတာ (သို့မဟုတ်) အရေအတွက်ကန့်သတ်တားမြစ်ချက်များသည် သီးသန့်ကုန်ပစ္စည်းအပေါ် တင်သွင်းရန်အတွက် အများဆုံးအရေအတွက် (သို့မဟုတ်) ကုန်ပစ္စည်းတန်ဘိုး ကန့်သတ်တားမြစ်ချက်များပင်ဖြစ်ပါသည်။

AHTN- ASEAN Harmonized Tariff Nomenclature ဂဏန်း (၈)လုံးကုန်စည်အမျိုး အစားသတ်မှတ်သည့်စနစ်ကို သဘောတူချမှတ်ကျင့်သုံးရန် အာဆီယံအဖွဲ့ဝင်များက ၂၀၀၂ ခုနှစ်တွင်သဘောတူညီခဲ့ကြပါသည်။

ASEAN Trade in Goods Agreement (ATIGA)

WTO Import Licensing Agreement (WTO ILA)

(ဂ) ရည်ရွယ်ချက်များ (Objectives)

ယခုလမ်းညွှန်ချက်များသည် အာဆီယံ ATIGA နှင့် WTO လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများနှင့်ကိုက်ညီပါသည်။ လမ်းညွှန်ချက်များ၏ အဓိကရည်ရွယ်ချက်သည်-

(၁) သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများကို အရိုးရှင်းဆုံးနှင့် ထင်သာမြင်သာရှိစေရန်၊

(၂) မျှတပြီးဘက်မလိုက်သော လျှောက်ထားခြင်းနှင့် အုပ်ချုပ်မှုဆောင်ရွက်ခြင်းကို သေချာစေရန်၊

(၃) သွင်းကုန်လိုင်စင်ဆောင်ရွက်မှုယန္တယား (Import Licensing Mechanism) ဖြင့် စီမံအုပ်ချုပ်ထားသော အတားအဆီးများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တရားဝင်မူဘောင် (WTO Legal Framework) အတွင်း သတ်မှတ်ထားချက်များအတိုင်းဖြစ်ကြောင်း သေချာစေရန်၊

(၄) သွင်းကုန်တင်သွင်းမှုကို တင်းကြပ်ခြင်း (သို့မဟုတ်) တင်သွင်းရေးကြိုးစားအားထုတ်မှုကို အနှောင့်အယှက်ဖြစ်စေခြင်းတို့မှ ကာကွယ်ရန်တို့ ဖြစ်ပါသည်။

၎င်းရည်ရွယ်ချက်အတွက် တတ်နိုင်သမျှ အလိုအလျောက်လိုင်စင်စနစ်သို့ ဦးတည်ဆောင်ရွက်နေသည့် အာဆီယံ၏ ATIGA နှင့် WTO အောက်တွင်သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများနှင့် မကိုက်ညီသောအတားအဆီးများကို ဖယ်ရှားရန်အတွက် ကုန်သွယ်မှုကိုအဟန့်အတားဖြစ်စေသည့် non-automatic လိုင်စင်ဆိုင်ရာ အချက်အလက်များကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။

သို့ပါ၍ ဤအကြံပြုလမ်းညွှန်ချက်များသည် သွင်းကုန်လိုင်စင်စနစ်များဆိုင်ရာ သဘာဝကျမှု၊ သိသာထင်သာမြင်သာရှိမှုနှင့် ခန့်မှန်းနိုင်ချေရှိမှုသဘောများကို ပြောင်းပြန် အကျိုးသက်ရောက်စေသည့် သွင်းကုန်လိုင်စင်စနစ်များဆိုင်ရာ အချက်အလက်များကို ဖယ်ရှားပေးခြင်း (သို့) လျော့ချပေးခြင်းအတွက် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ချမှတ်ပေးခြင်းဖြစ်ပါသည်။

(ဃ) နယ်ပယ် (Scope)

သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းစနစ်များတွင် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော စည်းမျဉ်းများ၊ လိုအပ်ချက်များနှင့် အကောင်အထည်ဖော်ရန် အခြေအနေများ ထည့်သွင်းဖော်ပြထားပါသည်။

ဖော်ပြပါ လမ်းညွှန်ချက်များတွင် လိုင်စင်တင်ပြလျှောက်ထားချိန်မှစ၍ လိုင်စင်စိစစ်အတည်ပြုပြီးချိန်အထိ လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်းများ၊ လိုအပ်ချက်များ၊ လုပ်ထုံး

လုပ်နည်းများနှင့် အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာသွင်းကုန်လိုင်စင်စနစ်တွင် ကျင့်သုံးမည့် အခြေအနေများပါဝင်ပါသည်။

သွင်းကုန်လိုင်စင်စနစ်ဖြင့် ကျင့်သုံးတင်သွင်းရမည့် ကုန်စည်တိုင်းအတွက် လမ်းညွှန်ချက်များ အတိုင်းကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။

**( င) ခွင့်ပြုသည့် သွင်းကုန်လိုင်စင်စနစ်** (Permitted Import Licensing)

ကမ္ဘာ့ကုန် သွယ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားအရသော်လည်းကောင်း (သို့မဟုတ်) အာဆီယံ၏ ကုန်စည်ကုန်သွယ်မှုသဘောတူညီချက်အရသော်လည်းကောင်း ကိုက်ညီမှုရှိသည့် အချက်များမှအပ ပုံမှန်အားဖြင့် အဖွဲ့ဝင်နိုင်ငံများသည် အခြားအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းလာသော ကုန်ပစ္စည်းများကို အရေအတွက်ကန့်သတ်ခြင်း(ကိုတာ) သို့မဟုတ် သွင်းကုန်လိုင်စင် လျှောက်ထားရယူရခြင်းကဲ့သို့ အကောက်ခွန်မဟုတ်သော တားဆီးမှု (သို့) ပိတ်ပင်မှုကို ထားရှိဆောင်ရွက်ခြင်း (သို့မဟုတ်) ချမှတ်ဆောင်ရွက်ခြင်းမျိုးကို မလုပ်ရပါ။

အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ၎င်းတို့၏တာဝန်ဝတ္တရားများ (အထူးသဖြင့် GATT Article XI (elimination of Quota Restiction), XX (General Exemption), နှင့် XXI (Security Exemption)) နှင့်ကိုက်ညီသော သွင်းကုန်လိုင်စင်ခွင့်ပြုခြင်း (သို့) ကိုတာများဖြင့် အကောက်ခွန်မဟုတ်သောအတားအဆီးများကို ချမှတ် (သို့) ထိန်းသိမ်းထားနိုင်ပါသည်။

**(စ) သွင်းကုန်လိုင်စင်စနစ်များအရ ခွင့်ပြုသည့် ယေဘူယျအချက်အလက်များ (General Features of Permitted Import Licensing Systems)**

WTO ILA နှင့် ATIGA တွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီရပါမည်-

(၁) အဖွဲ့ဝင်နိုင်ငံများ၏ သွင်းကုန်လိုင်စင်ထုတ်ပေးမှုစနစ်များသည် ဘက်မလိုက်ဘဲ မျှတသော၊ တန်းတူညီမျှသော၊ ထင်သာမြင်သာရှိသော၊ မှန်းဆနိုင်သော စနစ်ဖြစ်ရမည်။

(၂) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပိုမိုကောင်းမွန်သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများ မရှိပါက လျှောက်ထားသမျှခွင့်ပြုသော အလိုအလျှောက်ထုတ်ပေးမည့် လိုင်စင်စနစ် (automatic import licensing)ကို ကျင့်သုံးနိုင်သည်။ သို့သော် ယင်းကို အခြားနည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်သည့် အချိန်ထိသာ ကျင့်သုံးနိုင်သည်။

(၃) အဖွဲ့ဝင်နိုင်ငံများ၏ အလိုအလျောက်မဟုတ်သော ကန့်သတ်ချက်ဖြင့် ခွင့်ပြုသောလိုင်စင်စနစ် (non-automatic import licensing) ကို ကုန်သွယ်မှုကို အကန့်အသတ်ဖြစ်စေသော (သို့မဟုတ်) ကန့်သတ်မှုကိုကျင့်သုံးခြင်းဖြင့် ထိခိုက်နိုင်သည့် သွင်းကုန်တင်သွင်းမှု အပေါ်အနှောင့်အယှက်ဖြစ်စေသည့် ပုံစံမျိုး မဖြစ်စေရ။

(၄) ကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေသော အလိုအလျောက်မဟုတ်သော ကန့်သတ်ချက်ဖြင့် ခွင့်ပြုသောလိုင်စင်စနစ် (non-automatic import licensing) ဆိုင်ရာကိစ္စများကို ဖော်ထုတ်ဖယ်ရှားရသည်။ ထို့နောက် လျှောက်ထားသမျှခွင့်ပြုသော အလိုအလျောက်ထုတ်ပေးသည့် လိုင်စင်စနစ် (automatic import licensing) သို့ ကျင့်သုံးနိုင်သမျှကျင့်သုံးရမည်။

**(ဆ) ထင်သာမြင်သာရှိသော ကုန်စည်စာရင်း** (Trans parent Commodity Coverage)

လိုင်စင်လျှောက်ထားရန် လိုအပ်သောကုန်ပစ္စည်းများကို အာဆီယံစည်းဝါးညီ အကောက်ခွန်စနစ်အရ သတ်မှတ်ထားသော Code No: ကိုအသုံးပြု၍ တတ်နိုင်သမျှ ဖော်ပြ ပုံနှိပ်ထုတ်ဝေခြင်း/ အသိပေးအကြောင်းကြားခြင်း ဆောင်ရွက်ရပါမည်။

**(ဇ) လျှောက်ထားသူအားလုံးအပေါ်လိုအပ်ချက်** (Neutrality Across Applicants)

သွင်းကုန်တင်သွင်းမှုအတွက် အဖွဲ့ဝင်နိုင်ငံ၏ တရားဝင်လိုအပ်ချက်နှင့်ပြည့်စုံသည့် လူ (သို့မဟုတ်) အဖွဲ့အစည်းများအားလုံးကို ကုန်ပစ္စည်းတင်သွင်းရန် ခွင့်ပြုပေးရမည်ဖြစ်ပါသည်။

**(ဈ) ပုံနှိပ်ထုတ်ဝေခြင်းနှင့် အသိပေးအကြောင်းကြားခြင်းဖြင့် ထင်သာမြင်သာရှိမှုနှင့် ကြိုတင်မှန်းဆနိုင်မှုကိုဆောင်ရွက်ခြင်း** (Transparency And Predictability through Publication And Notification)

(၁) ဤလမ်းညွှန်ချက်များသည် ATIGA ၏ ကြေငြာချက်ထုတ်ပြန်သည့် သတ်မှတ်ချက်နှင့် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို ပုံနှိပ်ထုတ်ဝေသည့် သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရပါမည်။

(၂) အဖွဲ့ဝင်နိုင်ငံများသည် သွင်းကုန်လိုင်စင်ထုတ်ပေးမှု စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လျှောက်ထားနိုင်သူများ၊ အုပ်ချုပ်မှုဌာနများ၊ ကုန်စည်များ၊ ကင်းလွတ်ခွင့်များ (သို့မဟုတ်) တဖြည်းဖြည်းချင်း ကင်းလွတ်ခွင့်ပြုမည့်

ကိစ္စများ (သို့မဟုတ်) ပြောင်းလဲချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သွင်းကုန်လိုင်စင်ကော်မတီသို့ အသိပေးအကြောင်းကြားသည့်အတိုင်း အကျိုးသက်ရောက်မှုရှိစေမည့် နေ့ရက်မတိုင်မီ ၂၁ ရက်စော၍ အဆိုပါသတင်း အချက်အလက်များကို ကြိုတင်ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်ရမည်။

(၃) ကိုတာကန့်သတ်ခြင်းမဟုတ်သော အကန့်အသတ်ဖြင့် လိုင်စင်ခွင့်ပြုခြင်းအတွက် အဖွဲ့ဝင်နိုင်ငံများက အဆိုပါစနစ်ဖြင့် လိုင်စင်ခွဲဝေသတ်မှတ်ခြင်း/ ခွင့်ပြုခြင်းဆိုင်ရာ အခြေခံအချက်အလက်များ၊ ချွင်းချက်ကို တောင်းခံနိုင်သည့် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကိုလည်း ပုံနှိပ်ထုတ်ဝေရမည်။

(၄) ကိုတာကန့်သတ်ချက်အတွက် အဖွဲ့ဝင်နိုင်ငံများသည် ခွင့်ပြုအရေအတွက် ကန့်သတ်ချက်/ တန်ဘိုး မည်မျှလျှောက်ထားနိုင်သည်၊ လျှောက်ထားနိုင်သည့် အဖွင့်ရက်စွဲနှင့် အပိတ်ရက်စွဲများနှင့် အဆိုပါကိစ္စများဆိုင်ရာ ပြောင်းလဲချက်များကို အစိုးရဌာနများနှင့် ကုန်သည်များမှ ယင်းတို့ကို လိုက်ပါသိရှိ ဆောင်ရွက်နိုင်သည့် အခြေအနေထိလိုအပ်သည့် အကျိုးသက်ရောက်မှုရှိစေမည့် နေ့ရက်မတိုင်မီ ၂၁ ရက်စော၍ ကြိုတင် ပုံနှိပ်ထုတ်ဝေကြေညာရမည်။

(၅) အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သွင်းကုန်လိုင်စင်ကော်မတီ (သို့) အာဆီယံသို့ ခွင့်ပြုကုန်ပစ္စည်းစာရင်း၊ အုပ်ချုပ်မှုဌာနများ၊ ဆက်သွယ်ရမည့်သူ၊ ပုံနှိပ်ထုတ်ဝေသည့် အမည်နှင့် ရက်စွဲ၊ လိုင်စင်စနစ်သည် အလိုအလျောက် လိုင်စင်စနစ်ဖြစ်သည် (သို့မဟုတ်) အလိုအလျှောက်မဟုတ်သော လိုင်စင်စနစ်ဖြစ်သည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်သည်၊ အကောင်အထည်ဖော်မည့်ကာလ၊ အဆိုပါကိစ္စများနှင့် ပြောင်းလဲချက်များစသည့် အချက်များကို ပုံနှိပ်ထုတ်ဝေပြီးရက်ပေါင်း ၆၀ အတွင်းအသိပေး အကြောင်းကြားရမည်။ အဆိုပါ အသိပေးအကြောင်းကြားခြင်းသည် အာဆီယံ ကုန်သွယ်မှုသတင်းစုစည်းထူထောင်မှု (ASEAN Trade Repository) ၏ အစိတ်အပိုင်းအဖြစ် ပါဝင်ရမည်။

(၆) အဖွဲ့ဝင်နိုင်ငံအားလုံးသည် အခြားအဖွဲ့ဝင်နိုင်ငံများက မေးမြန်းလာသော သွင်းကုန်လိုင်စင် လျှောက်ထားမှုကိုငြင်းပယ်သည့်ကိစ္စ (သို့မဟုတ်) ခွင့်ပြုရန်လိုအပ်သည့် သတ်မှတ်ချက်များနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

(၇) အဖွဲ့ဝင်နိုင်ငံများသည် ကန့်သတ်ချက်ဖြင့် ခွင့်ပြုသော လိုင်စင်စနစ်အတွက် မေးမြန်းလာသော အုပ်ချုပ်မှုအရ ကန့်သတ်ချက်များ၊ ပြီးခဲ့သောကာလလိုင်စင် ခွင့်ပြုပေးမှုများ၊ တင်သွင်းသောနိုင်ငံများသို့ လိုင်စင်များဖြန့်ဝေပေးမှု၊ တင်သွင်းရန် လိုအပ်သည့် ကုန်ပစ္စည်းစာရင်းတို့ကို ဖြေကြားပေးရမည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဆိုပါကိစ္စများနှင့်ပါတ်သက်၍ ထပ်ဆင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် မျှော်လင့်ပါသည်။

(၈) အဖွဲ့ဝင်နိုင်ငံများသည် တင်ပို့သည့် နိုင်ငံများအကြား ကိုတာခွဲဝေသတ်မှတ်ခြင်း အတွက် လက်ရှိ ကိုတာခွဲဝေမှုအခြေအနေကို အကျိုးသက်ရောက်မှုရှိမည့် နေ့ရက်မတိုင်မီ ၂၁ ရက်စော၍ ကြိုတင်အသိပေးအကြောင်းကြားရမည်။ အဆိုပါနိုင်ငံအတွက်လိုင်စင်သည် အာမခံချက်ရှိ စေရမည်။ ကိုတာ သတ်မှတ် ပေးခံထားရခြင်းမရှိသော နိုင်ငံများအတွက် လိုင်စင်ရရှိထားသူများသည် သွင်းကုန်တင်သွင်းရန်အတွက် ကုန်ပစ္စည်းဝယ်ယူလိုသည့်နိုင်ငံကို လွတ်လပ်စွာ ရွေးချယ် ဆောင်ရွက်ခွင့်ရှိသည်။

**(ည) ထင်သာမြင်သာရှိမှုနှင့် ကြိုတင်မှန်းဆနိုင်မှုကိုဆောင်ရွက်နိုင်ရေးလိုအပ်ချက်များ (Transparent And Predictable Requirements)**

(၁) လိုင်စင်လျှောက်ထားသည့်ပုံစံများနှင့် လုပ်ငန်းစဉ်များသည် အဓိကလိုအပ်သော စာရွက်စာတမ်းများနှင့် အချက်အလက်များ လိုအပ်ချက်မှလွဲ၍ ရှင်းလင်း လွယ်ကူသော ပုံစံများ ဖြစ်ရမည်။

(၂) လိုင်စင် တင်ပြလျှောက်ထားရမည့် ဌာနသည် ဌာန(၁)ခုတည်းသာဖြစ်ရမည် (သို့မဟုတ်) အများဆုံး (၃)ဌာနသာဖြစ်ရမည်။

**(ဋ) သွင်းကုန်လိုင်စင် တင်ပြလျှောက်ထားနိုင်သည့်အချိန်ကာလ၊ လုပ်ငန်းစဉ်နှင့် သက်တမ်း ကာလ သတ်မှတ်ချက် (Predictable Period of Submission, Processing, Validity)**

(၁) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုင်စင်တင်ပြလျှောက်ထားနိုင်သည့်အချိန်ကာလကို သင့်သင့် လုံလောက်သောအချိန်ကာလ (သို့မဟုတ်) လျှောက်လွှာပိတ်ရက် သက်တမ်းအား အနည်းဆုံး ၂၁ ရက် ခွင့်ပြုရမည်။ ကန့်သတ် အရေအတွက် မပြည့်မီသေးလျှင် အချိန်ကာလ တိုးမြှင့်ပေးနိုင်သည်။

(၂) အလိုအလျောက်သွင်းကုန်လိုင်စင်စနစ်၌ လျှောက်ထားခြင်းများကို အကောက်ခွန်တွင် ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူခြင်း မဆောင်ရွက်မီ ရုံးချိန်တွင် ကြိုတင်လျှောက်ထားတင်ပြရယူရမည်။

(၃) လိုင်စင်သက်တမ်းကာလသည် သင့်တင့်လုံလောက်သော အချိန်ကာလဖြစ်ရမည်။ တင်သွင်းရမည့် အကွာအဝေးအပေါ်မူတည်၍ မတင်သွင်းနိုင်သည့် အချိန်ကာလတိုခွင့်ပြုထားခြင်းမျိုးလည်း မဖြစ်စေရ။

(၅) **ထင်သာမြင်သာရှိမှုနှင့် ကြိုတင်မှန်းဆနိုင်သောလုပ်ငန်းစဉ်** (Transparent And Predictable Processing)

(၁) Automatic Import Licensing အရ လျှောက်ထားလာမှုအပေါ် လျှောက်ထားမှု ပြီးပြည့်စုံလျှင် လက်ခံရရှိသည်နှင့် (သို့မဟုတ်) ရုံးချိန် (၁၀)ရက်အတွင်း ခွင့်ပြုရမည်။

(၂) Non-automatic Import Licensing အရ လျှောက်ထားမှုတွင် လျှောက်လွှာ ပထမတင်သူကို ပထမခွင့်ပြုပေးသည့်စနစ်ကို အသုံးပြုပါက ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးနိုင်ပြီး၊ လျှောက်လွှာအားလုံးကို တစ်ပေါင်းတည်း စဉ်းစားပါက လျှောက်လွှာပိတ်ရက်မှ ရက် (၆၀) အတွင်း ထုတ်ပေးရမည်။

(၃) အသေးအဖွဲစာရွက်စာတမ်း အမှားအယွင်းကြောင့် လျှောက်ထားမှုကိုငြင်းပယ်ခြင်းမပြုရ။ လိမ်လည်လိုသည့် ရည်ရွယ်ချက်မပါပဲ (သို့မဟုတ်) လုံးဝဆန့်ကျင်သည့် သဘောမပါဘဲ မှားယွင်းခြင်း (သို့မဟုတ်) ချန်လှပ်ခြင်းမျိုး အတွက် အပြစ်ပေးမှုကိုမပြုလုပ်ရဘဲ သတိပေးခြင်းသာ ဆောင်ရွက်ရမည်။

(၄) Non-automatic Import Licensing စနစ်တွင် လိုင်စင်များကို လျှောက်ထားသူ၏ သွင်းကုန်တင်သွင်းဆောင်ရွက်ခဲ့မှုများအရ ခွဲတမ်းချပေးရပါမည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များတွင် လျှောက်ထားသူများအနေဖြင့် ယခင်ကခွင့်ပြုထုတ်ပေးခဲ့သော လိုင်စင်များကို သတ်မှတ်ကာလအတွင်း အပြည့်အဝ အသုံးချမှုရှိ/မရှိကိုထည့်သွင်းစဉ်းစားရပါမည်။ ခွင့်ပြုထားသောလိုင်စင်များကို အပြည့်အဝအသုံးမချထားပါက အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသည်ကို ဖော်ထုတ်စစ်ဆေး၍ လိုင်စင်အသစ်များခွဲတမ်းချသတ်မှတ်သည့်အခါ ၎င်းအချက်များကို ထည့်သွင်းစဉ်းစားရပါမည်။ သွင်းကုန်လုပ်ငန်းရှင်အသစ်များကို ကျိုးကြောင်းခိုင်လုံသော လိုင်စင်မျှဝေပေးမှုဖြစ်စေရန် စီးပွားရေးတွက်ချေကိုက်

သည့်ကုန်စည်များအတွက် လိုင်စင်ထုတ်ပေးခြင်းကို ထည့်သွင်းစဉ်းစားရပါမည်။ LDCs နိုင်ငံများမှ ပင်ရင်းထွက်ကုန်များကို တင်သွင်းသော သွင်းကုန်လုပ်ငန်းရှင်များကို အထူးစဉ်းစားပေးခြင်းပြုရပါမည်။

(၅) Non-automatic Import Licensing စနစ်တွင် လိုင်စင်ခွင့်ပြုမပေးသည့်ကိစ္စများတွင် မည်သည့်အတွက်ကြောင့် ခွင့်မပြုသည်ကို တောင်းဆိုလာပါက ဖြေကြားပေးရမည်။ အသနားခံခွင့် (သို့) ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခွင့်ရရှိမည်။

(ဃ) **လိုင်စင်ဖြင့်တင်သွင်းမှုတွင် အကျိုးသက်ရောက်ခြင်း** (Effecting the Licensed Importation)

(၁) လိုင်စင်အရတင်သွင်းလာမှုတွင် ပုံမှန်သယ်ယူပို့ဆောင်မှုနှင့် ကိုင်တွယ်ရွှေ့ပြောင်းမှုတို့ကြောင့် တန်ဘိုး၊ အရေအတွက် (သို့မဟုတ်) အလေးချိန်အနည်းငယ် မှားယွင်းမှုဖြစ်ပေါ်ပါက တင်သွင်းမှုကိုငြင်းပယ်ခွင့်မရှိစေရ။

(၂) အဖွဲ့ဝင်နိုင်ငံများသည် ကိုတာကန့်သတ်ချက်အတွက် လိုင်စင်ခွင့်ပြုချက်အရ တင်သွင်းလာမှုကို တားမြစ်ခြင်း (သို့မဟုတ်) အပြည့်အဝမတင်သွင်းရေးကို တားမြစ်ခြင်းများ မပြုလုပ်ရ။

(၃) Non-automatic Import Licensing စနစ်အရ တင်သွင်းမှု ဆောင်ရွက်ခြင်းသည် ယခင်ခွင့်ပြုလိုင်စင်ထက် ကျော်လွန်တင်သွင်းမှုများရှိလာပါက နောင်လျှောက်ထားလာသည့် လိုင်စင်အတွက် လိုင်စင်ခွဲဝေမှုတွင် လျှော့နည်းခွင့်ပြုခြင်းကဲ့သို့ ချိန်ညှိဆောင်ရွက်ခြင်းမျိုးကို ဆောင်ရွက်နိုင်သည်။

( စ) **အကောင်အထည်ဖော်ခြင်းနှင့် နီးကပ်စွာပြန်လည်သုံးသပ်ခြင်း** (Implementation and Peer Review)

(၁) အထက်ဖော်ပြပါ လမ်းညွှန်ချက်များကို ATIGA ၏ Chapter 4 တွင် ဖော်ပြထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ (ယင်းတွင် ဖော်ပြထားချက်မှာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၁၀ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံ အတွက် ၂၀၁၂ခုနှစ်နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ၂၀၁၅ ခုနှစ်နှင့် ချွင်းချက်အဖြစ် ပိုမိုပျော့ပျောင်းစွာဖြင့် ၂၀၁၈ အထိအချိန်ယူ အကောင်အထည်ဖော်ခွင့်ပြုမည်ဖြစ်သည်)

**နောက်ဆက်တွဲ - (အဆုံး)**

(၂) အခြားနိုင်ငံများက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဤအကြံပြုလမ်းညွှန်ချက်များနှင့် ကတိကဝတ်များအတိုင်း ကိုက်ညီအောင်ဆောင်ရွက်နိုင်မှုကို တွန်းအားပေးရန်အတွက် "Peer Review System" ကို တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) "Peer Review System" ဆောင်ရွက်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များနှင့် သိသာထင်သာမြင်သာရှိမှုတို့ကို ကတိကဝတ်ပြုရမည်ဖြစ်ပါသည်။ အကြံပြုလမ်းညွှန်ချက်များ (က)မှ (ဍ) အထိကို စံအဖြစ်သတ်မှတ်ကျင့်သုံးပြီး၊ ယင်းနှင့် လွဲချော်ဆောင်ရွက်မှုများအတွက် ပြန်လည်သုံးသပ်မှုကိုပြုလုပ်မည်ဖြစ်သည်။